ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com fpbbank@myanmar.com.mm

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်များ

(၂၀၂၀)ခုနှစ် ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် Virtual Meeting(Video Conference) ဖြင့် ကျင်းပပြုလုပ်ခဲ့သော (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် တက်ရောက်လာကြသည့် အစုရှယ်ယာရှင်များမှ အောက်ပါဆုံးဖြတ်ချက်များကို သဘောတူကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

| စဉ် | ဆုံးဖြတ်ချက်များ | ရလဒ် |
|---|---|---|
| ၁။ | (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများအား အတည်ပြုခြင်း ။ | အတည်ပြုကြောင်း ဆုံးဖြတ်ကြပါသည်။ |
| ၂။ | သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)အရ လစ်လပ်လျက်ရှိသည့် ဒါရိုက်တာအဖွဲ့ဝင်(၃) ဦးနေရာအား ဒါရိုက်တာများ ပြန်လည်ရွေးကောက်တင်မြောက်ခြင်းကို အတည်ပြုခန့်ထားခြင်း<br>ရွေးချယ်ခံရသော ဒါရိုက်တာများ-<br>(၁) ဦးမျိုးထွန်း (၂)ဒေါ်လှလှဝင်း (၃) ဒေါက်တာတင်ကြည် | သဘောတူကြောင်း ဆုံးဖြတ်ကြပါသည်။ |
| ၃။ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် (Sein Win & Associate) အဖွဲ့၏ အစီရင်ခံစာအား အတည်ပြုခြင်း | သဘောတူကြောင်း ဆုံးဖြတ်ကြပါသည်။ |
| ၄။ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ပြင်ပစာရင်းစစ်အဖြစ် (U Hla Htun and Associate) အဖွဲ့အား ခန့်အပ်ခြင်းကိုအတည်ပြုခြင်း | သဘောတူကြောင်း ဆုံးဖြတ်ကြပါသည်။ |
| ၅။ | အစုရှယ်ယာရှင် စာရင်းစစ်ကော်မတီ(၃)ဦးအား ရွေးချယ်ခန့်အပ်ခြင်း<br>အစုရှယ်ယာရှင် စာရင်းစစ်ကော်မတီဝင်များအဖြစ်<br>(၁)ဒေါ်လှမြင့် (၂)ဒေါ်ခင်ဌေးယု (၃)ဒေါ်ခင်သီတာ တို့အား ဆက်လက်ခန့်ထားခြင်း။ | သဘောတူကြောင်း ဆုံးဖြတ်ကြပါသည်။ |

## ၆။ အမြတ်ဝေစုခွဲဝေခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၅.၁၂.၂၀၂၀)ရက်နေ့တွင်ကျင်းပသော ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၀)အစည်းအဝေးမှ အစုရှယ်ယာရှင်များကို ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အတွက် အမြတ်ခွဲဝေပေးရန် (၁၇.၁၂.၂၀၂၀)ရက်စွဲပါ စာအမှတ်။ ။ အက်ဖ်ပီဘီ/ စီမံ/ ၆၇/၂၀၂၀-၂၀၂၁ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံထားကြောင်း (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဥက္ကဋ္ဌ၏မိန့်ခွန်းတွင် ရှင်းလင်းတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂၄.၁၂.၂၀၂၀)ရက်စွဲပါ စာအမှတ်။ ။ ၄၂၇/ကက(၁)/၃/၁၄၈/၂၀၂၀-၂၀၂၁ဖြင့် "ဘဏ်၏ (၃၀.၉.၂၀၂၀)ရက်နေ့ရှိ ရလမ်းမရှိသော နှင့် ရရန်မသေချာသော အသားတင်ချေးငွေ(Net Non Performing Loan)နှင့် စုစုပေါင်းချေးငွေ (Total Loan)အချိုးသည် (၈.၀၃%)ရှိသဖြင့် သတ်မှတ်အချိုး(၅%)ထက် ကျော်လွန်နေခြင်းကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၇.၃.၂၀၁၇)ရက်စွဲဖြင့်ထုတ်ပြန်သော ညွှန်ကြားချက်အမှတ် (၅/၂၀၁၇)နှင့် ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အမြတ်ဝေစုခွဲဝေခြင်းကို ခွင့်မပြုကြောင်းနှင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ရရှိသည့်အမြတ်အား အမြတ်ဝေစုခွဲဝေခြင်းမပြုဘဲ Retained Earning ၌သာ ဆက်လက်ထိန်းသိမ်းထားရန် ညွှန်ကြားလာခဲ့ပါသဖြင့်" အစုရှင်များသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

ပထမပုဂ္ဂလိကဘဏ်လီမိတက်